# Network for Democracy and Development
## Documentation and Research Department



P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 281 1792. E-mail : ndddrd07@csloxinfo.com


## အပတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၆၅)

# “သူ ဘယ်သူလဲ”

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်း တရားမဝင် ဝင်ရောက်မှုနဲ့ ဖမ်းဆီးတရားစွဲဆိုခံရပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ်(၇)နှစ် ချမှတ်ခံခဲ့ရတဲ့ အမေရိကန်လူမျိုး မစ္စတာဂျွန်ဝီလျံယက်တောကို အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက် **(Mr.Jim Webb)** က တနင်္ဂနွေနေ့မှာ နအဖရဲ့ နရသိမ်အကျဉ်းထောင်ကနေ ကယ်ထုတ် ခေါ်ဆောင်ပြီး အောင်မြင်စွာ ပြည်တော်ပြန်သွားခဲ့ပြီ ဖြစ်ပါတယ်။

မဖိတ်ခေါ်ဘဲရောက်ရှိလာခဲ့တဲ့ ဧည့်သည်ကို ဧည့်ဝတ်ကျေပွန်မိခဲ့တဲ့ အိမ်ရှင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကသာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်(၃)နှစ် ချမှတ်ခံရပြီး ယျွအခါ ဆိုင်းငံ့ထောင်ဒဏ်ကိုစောင့်ရင်း နေအိမ်ချုပ်နဲ့ ကျန်ရစ်ခဲ့ ရပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေက မစ္စတာယက်တောကို မစ္စတာဂျင်ဝက်လက်ထဲ လွှဲပြောင်းအပ်နှံပေးလိုက်တာဟာ စစ်အစိုးရအပေါ် အမေရိကန်အစိုးရရဲ့ ပိတ်ဆို့အရေးယူမှုတွေကို ဆန့်ကျင်ကန့်ကွက်ပေးလေ့ရှိတဲ့ အမတ်မင်းကို ဆုချတဲ့ အနေနဲ့ အိမ်အပြန် လက်ဆောင်အဖြစ် ပေးအပ်လိုက်တာဖြစ်နိုင်ပါတယ်။

ဝက်ရူးပျံရောဂါရှိတဲ့အပြင် စိတ်အနေအထားလည်း ပုံမှန်ဟုတ်ဟန်မတူတဲ့ မစ္စတာယက်တောကို မြန်မာနိုင်ငံက အကျဉ်းထောင်တွေထဲမှာ (၇)နှစ်ပြည့်အောင် ထည့်ထားမယ်ဆိုရင် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတခုကို ထမ်းထားရသလို ဖြစ်နေမှာမို့ နအဖဗိုလ်ချုပ်ကြီးတွေက အခုလိုလွှဲပေးဖို့ အလွယ်တကူ ဆုံးဖြတ်လိုက်တာလည်း ဖြစ်နိုင်ပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေ တကယ်ထောင်ချချင်နေတာကလည်း မစ္စတာယက်တော မဟုတ်ဘဲ၊ ဒေါ်အောင်ဆန်းစုကြည်သာ ဖြစ်နေတာကြောင့် ဒေါ်အောင်ဆန်းစုကြည်ကိုတော့ ပြန်လွှတ်မပေးဘဲ မစ္စတာယက်တောကိုသာ ပြန်လွှတ်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်မချမှတ်ခင် ဩဂုတ်လ(၇)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နအဖရဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ရဲချုပ်ခင်ရီက ဒေါ်အောင်ဆန်းစုကြည်အမှုကို မစ္စတာဂျွန်ဝီလျံယက်တောနဲ့ သူတို့ ပူးပေါင်းကြံစည်ခဲ့တာမဟုတ်ကြောင်း ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးတွေကို မလုံမလဲနဲ့ ထပ်ပြီးရှင်းပြခဲ့တာ တွေ့ရပါတယ်။ တကယ်တော့ မစ္စတာယက်တော ကိုယ်တိုင်က သူ့ကို ဘယ်အဖွဲ့အစည်းကမှ ခိုင်းစေလို့မဟုတ်ဘဲ သူ့သဘောနဲ့သူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်းကို ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဇွန်လ(၂)ရက်က ထောင်တွင်းတရားရုံးမှာ ကိုယ်တိုင် ဝန်ခံထွက်ဆိုထားပြီးဖြစ်ပါတယ်။

မစ္စတာယက်တောရဲ့ ဒီထွက်ဆိုချက်ကိုလည်း ပြည်ပသတင်းမီဒီယာတွေက အချိန်နဲ့တပြေးညီ ထုတ်ပြန်ပေးခဲ့တာမို့ တကမ္ဘာလုံးက သိရှိထားပြီးသား အကြောင်းအရာတခုကို ရဲချုပ်ခင်ရီက အခုလိုထပ်ပြီး ရှင်းပြနေတာဟာ စိတ်ပညာသဘော အရကြည့်မယ်ဆိုရင် တခုခုကို မလုံမလဲဖြစ်နေတာလို့ ယူဆနိုင်ပါတယ်။ မစ္စတာယက်တောက သူ့သဘောနဲ့သူ လုပ်ခဲ့တာပါ လို့ တရားရုံးမှာ ထွက်ဆိုထားပါလျက်နဲ့ ရဲချုပ်ခင်ရီက ယက်တောရဲ့နောက်ကွယ်မှာ ကြိုးကိုင်အကြံပေးနေတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ ရှိနေနိုင်တယ်ဆိုပြီး ဇွန်လ(၂၅)ရက်နေ့မှာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာတုန်းကလည်း စွပ်စွဲပြောဆိုခဲ့ဖူးပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နအဖတရားရုံးက စီရင်ချက်ချမှတ်ဖို့ (၄)ရက်အလို ဩဂုတ်လ(၇)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ရဲချုပ်ခင်ရီရဲ့ သတင်းစာရှင်းလင်းပွဲဟာ ဒေါ်အောင်ဆန်းစုကြည် ထောင်ကျသွားခြင်းသည် သူတို့နဲ့မဆိုင်ကြောင်း၊ သူတို့ရဲ့ ပရောဂ မပါကြောင်း၊ ကြို/ကာ လုပ်ဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ တဆက်တည်း ဒီအမှုနဲ့ ဘယ်လိုမှ ဆက်စပ်မှုမရှိတဲ့ အကြမ်းဖက်ဖေါက်ခွဲရေးသမားတွေကို ဖေါ်ထုတ်ဖမ်းဆီးရမိတယ်ဆိုပြီး ပြည်တွင်းပြည်ပ အတိုက်အခံခေါင်းဆောင်တွေကို ပြည်

တွင်းမှာ ဆူပူမှုတွေဖြစ်ပေါ်လာအောင်၊ အကြမ်းဖက်ဖေါက်ခွဲဖျက်ဆီးမှုတွေ ဖြစ်ပေါ်လာအောင်၊ အချိန်ကိုက် ကြံစည်လုပ်ကိုင်ခဲ့ကြတယ်ဆိုကာ စွပ်စွဲတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

မစ္စတာယက်တောနဲ့ သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့တာမဟုတ်ကြောင်းကို ရဲချုပ်ကြီးက အကြောင်းပြချက်မျိုးစုံပေးပြီး ခုခံကာကွယ်ခဲ့ပါတယ်။ မိုင်ပေါင်းများစွာဝေးကွာတဲ့ အမေရိကန်နိုင်ငံ မီချီဂန်(**Michigan**)ပြည်နယ်၊ ဒဲထရိုက်(**Detroit**)မြို့မှာ မွေးဖွားခဲ့တဲ့ အမေရိကန်နိုင်ငံသားစစ်စစ်၊ ဗီယက်နမ်စစ်ပြန်၊ ပညာတတ်တဦးကို နိုင်ငံတော်က ခေါ်ယူအသုံးပြုဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလို့လည်း အကြောင်းပြချက်ပေးခဲ့ပါတယ်။ (အဲဒီလိုဆိုရင် စစ်အစိုးရအတွက် နိုင်ငံတကာကို လိမ်ညာ ဝါဒဖြန့်ချိပေးဖို့ အမေရိကန်ဝါဒဖြန့်ချိရေးကုမ္ပဏီဖြစ်တဲ့ **DCI** ကို ဘယ်လိုလုပ် အသုံးချခဲ့သလဲလို့ ပြန်မေးရမလို ဖြစ်နေပါတယ်။)

ကိုယ့်အပြစ်ကို ဖုံးကွယ်နိုင်ဖို့အတွက် အတိုက်အခံတွေကို လက်ညှိုးထိုးချင်ဇောနဲ့ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကိုလည်း အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ နောက်ကွယ်က ကြိုးကိုင်ညွှန်ကြားနေသူ၊ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု(**NDD**)ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဆိုပြီးတော့လည်း အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ရုပ်ပုံကားချပ်ကြီးတွေနဲ့ မမှန်မကန် စွပ်စွဲဖေါ်ပြသွားခဲ့တာ တွေ့ရပါတယ်။ ရဲချုပ်ကြီးတယောက်လုံး လုပ်နေပြီး ပြည်ပ အတိုက်အခံအဖွဲ့အစည်းတွေရဲ့ ဖွဲ့စည်းပုံတွေလောက်တော့ ယေဘူယျ သိရှိထားသင့်ပါတယ်။ ဒါကလည်း ခဲခဲယဉ်းယဉ်း စုံစမ်းထောက်လှမ်းနေစရာ မလိုပါဘူး။ ကွန်ပြူတာကို နည်းနည်းကိုင်တတ်ရင် ပြည်ပအဖွဲ့အစည်းတွေက လွှင့်တင်ထားတဲ့ ဝိုက်ဘ်ဆိုက်တွေမှာ ဘယ်သူတွေ ဘယ်အဖွဲ့က၊ ဘာတာဝန်ရှိတယ် ဆိုတာလောက်ကို အလွယ်တကူ ရှာဖွေ သိရှိ နိုင်ပါတယ်။

ဒါ့အပြင် စွပ်စွဲခံရတဲ့ အတိုက်အခံခေါင်းဆောင်တွေရဲ့ ဓါတ်ပုံတွေကို မဖေါ်ပြနိုင်တဲ့အတွက် သတင်းစာရှင်းလင်းပွဲမှာ ပုံကြမ်းရေးဆွဲပြီး ဖေါ်ပြထားရတာကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အရည်အသွေးကို ဖေါ်ပြနေသလို ဖြစ်နေပါတယ်။ တကယ်ဆိုရင် ဒီခေါင်းဆောင်တွေရဲ့ ဓါတ်ပုံတွေကို ဒီဗွီဘီရုပ်မြင်သံကြားအစီအစဉ် အပါအဝင် ပြည်ပသတင်းမီဒီယာတွေ၊ ဝက်ဘ်ဆိုက်တွေမှာ မမြင်ချင်အဆုံး တွေ့ရှိနိုင်ပါလျှက်နဲ့ အပင်ပမ်းခံပြီး ပုံဆွဲဖေါ်ပြထားတာ တွေ့ရပါတယ်။ အဲဒီလို အိုးနင်းခွက်နင်း သတင်းစာရှင်းလင်းပွဲမျိုးကို တက်ရောက်ခဲ့ရတဲ့ ပြည်တွင်းပြည်ပ သတင်းထောက်တွေကတော့ ရဲချုပ်ကြီးကွယ်ရာမှာ “ဟား” နေကြမှာ သေချာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုမှာ သူတို့ပရောဂ မပါဘူးလို့ နအဖဗိုလ်ချုပ်ကြီးတွေက အကြောက်အကန် ငြင်းဆိုနေကြပေမဲ့ ရဲချုပ်ကြီးရဲ့ ဩဂုတ်လ(၇)ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ မြုပ်ကွက်၊ ရှုပ်ကွက်တွေ အများအပြားရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလကုန်မှာ မစ္စတာယက်တောနဲ့ မဲဆောက်မြို့ မယ်တော်အရပ်က ဒေါက်တာ စင်သီယာမောင်ရဲ့ဆေးရုံမှာ တွေ့ဆုံရင်းနှီးခဲ့တဲ့ အမျိုးသမီးကို ဒီနှစ် ဇူလိုင်လ(၃)ရက်နေ့က မြဝတီမြို့မှာ ရှာဖွေတွေ့ရှိခဲ့တာကြောင့် ခေါ်ယူမေးမြန်းမှုတွေပြုလုပ်နေကြောင်း ရဲချုပ်ကြီးက သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖေါ်ပြောဆိုခဲ့ပေမဲ့ သူမ ဘယ်သူလဲ၊ ဘာလဲ၊ ဆိုတဲ့အချက်ကိုတော့ ရှင်းရှင်းလင်းလင်း ထုတ်ဖေါ်ပြောဆိုခြင်း မရှိခဲ့ပါဘူး။ လျှပ်တပျက်ဂျာနယ်မှ ဦးမြတ်ခိုင်က “မစ္စတာဂျွန်ဝီလျံယက်တောနဲ့ မြဝတီမှာရင်းနှီးပြီး ရန်ကုန်အထိပါလာတဲ့ အမျိုးသမီးရဲ့နံမည်ကို သိလိုပါတယ်၊” လို့ မေးမြန်းတဲ့အခါ ရဲချုပ်ကြီးက သူ့ကိုဖမ်းဆီးထားတာ မဟုတ်ပါဘူး၊ ရှာဖွေတွေ့ရှိပြီး ခေါ်ယူမေးမြန်းတာသာ ဖြစ်ပါတယ်။ ဆက်လက်မေးမြန်းစီစစ်စရာတွေ ရှိနေပါသေးတယ်။ ဒါကြောင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုနဲ့ သူ့ရဲ့ဂုဏ်သိက္ခာအတွက် အသိပေးသင့်တဲ့အချိန်မှာ အသိပေးပါ့မယ်။” လို့ ကဗျာကရာပြောပြီး သတင်းစာရှင်းလင်းပွဲကို ရုတ်သိမ်းလိုက်တာ တွေ့ရပါတယ်။

၂၀၀၈ ခုနှစ် မတ်လ(၃)ရက်နေ့ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ စိမ်းလဲ့ကန်သာလမ်းသွယ် (စိမ်းလဲ့ကန်သာတပ်မတော်ဧည့်ဂေဟာ) အနီး အမှတ်(၁၂၆)နေအိမ်မှာ ဖြစ်ပွားခဲ့တဲ့ နေ့ခင်းကြောင်တောင် “ ၅ လောင်းပြိုင် လူသတ်မှုကြီး” တုန်းကလည်း ရဲချုပ်ကြီးက သတင်းထောက်တွေကို ဒီလို မရေမရာ၊ မတိမကျ စကားမျိုးတွေနဲ့ လှည့်ပတ်ပြောဆိုသွားခဲ့ဖူးပါတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ၂၀၀၈ ခုနှစ် ဇွန်လကုန်ပိုင်းက ကြပ်ပြေးနေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ရဲချုပ်ကြီးက “ရန်ကုန်မြို့က ၅ လောင်းပြိုင် လူသတ်မှုနဲ့ပတ်သက်ပြီး စစ်ချက်တွေအမြောက်အများ ရရှိထားပြီးပါပြီ၊ ဒီအမှုဟာ မူးယစ်ဆေးဝါး၊ လောင်းကစား၊ ကျောက်သံပတ္တမြား၊ မိသားစုအမွေ၊ စတဲ့ကိစ္စတွေနဲ့ ဆက်နွှယ်နေနိုင်တဲ့အတွက် ဘယ်ကိစ္စနဲ့ပတ်သက်နေသလဲဆိုတာကို အတိအကျ ဖေါ်ထုတ်နိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေပါတယ်။” လို့ ဟိုလိုလို ဒီလိုလို ပြောခဲ့ဖူးပါတယ်။

ဒါပေမဲ့ ဒီလူသတ်မှုဟာ အခုဆိုရင် (၁)နှစ်နဲ့(၅)လ ကြာခဲ့ပြီဖြစ်ပေမဲ့ တရားခံအစစ်ကို ဖေါ်ထုတ်အရေးယူနိုင်ခြင်း မရှိသေးပါဘူး။ နယ်စပ်ကဝင်လာတယ်ဆိုတဲ့ ဖေါက်ခွဲရေးသမား ဌေးအောင် ဆိုသူကို ချက်ချင်း ဖမ်းဆီးအရေးယူနိုင်စွမ်းရှိတဲ့

ရဲတပ်ဖွဲ့ကြီးဟာ ရန်ကုန်မြို့လည်ခေါင် နေ့ခင်းကြောင်တောင် ၅ လောင်းပြိုင်လူသတ်မှုကြီးရဲ့ တရားခံတွေကို အခုအချိန်အထိ ဖော်ထုတ် အရေးမယူနိုင်သေးတာဟာ အံ့ဘွယ်တပါးလို့ ဆိုနိုင်ပါတယ်။

ရဲချုပ်ကြီးက မစ္စတာယက်တောနဲ့ မဲဆောက်မှာရင်းနှီးပြီး ရန်ကုန်အထိပါလာတဲ့ အမျိုးသမီးရဲ့အမည်ကို သူမရဲ့ ပုဂ္ဂိုလ်ရေးလုံခြုံမှုနဲ့ ဂုဏ်သိက္ခာအတွက် အခုအချိန်မှာ ထုတ်ဖော်မပြောနိုင်သေးဘူးလို့ ဦးမြတ်ခိုင်ကို ရှင်းပြခဲ့ပေမဲ့၊ မဲဆောက်မြို့ရှိ **AAPP-B** ရုံးအတွင်း ဒီအမျိုးသမီးက မစ္စတာယက်တောကို ပယ်ပယ်နယ်နယ်ဖက်ထားတဲ့ ဓါတ်ပုံကိုတော့ နအဖရဲ့ သတင်းစာရှင်းလင်းပွဲနဲ့ ရုပ်မြင်သံကြားတွေမှာ ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ပါတယ်။

မစ္စတာယက်တောနဲ့ မဲဆောက်မှာလည်းတွေ့၊ ရန်ကုန်မှာလည်း ချိန်းတွေ့ခဲ့တယ်ဆိုတဲ့ ဒီအမျိုးသမီးရဲ့ ဂုဏ်သိက္ခာအတွက် သူမရဲ့အမည်ကို မဖော်ပြနိုင်သေးဘူးလို့ ရဲချုပ်ကြီးက ကာကွယ်ပြောဆိုသွားခဲ့ပေမဲ့ ဘယ်သူနဲ့မှ ချိန်းမတွေ့ဘဲ နေအိမ်အတွင်းမှာ အချုပ်ကျခံနေရင်း ငှက်သင့်ခံလိုက်ရတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုတော့ နအဖက နမချင်းမစာ မနာတဲ့ အရေးအသား အသုံးအနှုန်းတွေနဲ့ ဝိုင်းဝန်းပြီး တိုက်ခိုက်ခဲ့ကြပါတယ်။ မေလ(၁၃)ရက်နေ့ကစပြီး နအဖရဲ့ အင်တာနက် ဝိုက်ဘ်ဆိုဒ်တွေနဲ့ စာနယ်ဇင်းတွေက ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေး ထိုးနှက်တိုက်ခိုက်မှုတွေကို ဆက်တိုက်ပြု လုပ်ခဲ့ကြတာ တွေ့နိုင်ပါတယ်။ ဟောင်ကောင်ဆိုင်ရာ မြန်မာကောင်စစ်ဝန် ဦးရဲမြင့်အောင် ဆိုရင် ဂျွန်ဝီလျံယက်တောနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို သမီးရည်းစားတွေဖြစ်နိုင်တယ်ဆိုပြီး ဟောင်ကောင် မြန်မာ ကောင်စစ်ဝန်ရုံးရဲ့ အင်တာနက် သတင်းစဉ်မှာ မေလ(၂၂)ရက်နေ့က ပုတ်ခတ်ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

မစ္စတာယက်တောကိုဖက်ထားတဲ့ အမျိုးသမီးဟာ ၂၀၀၈ ခုနှစ်အတွင်း မြဝတီမြို့မှာနေထိုင်စဉ် ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ ဒေါက်တာစင်သီယာမောင်ရဲ့ မယ်တော်ဆေးခန်းမှာ အမေရိကန်နိုင်ငံသား ဂျွန်ယက်တောနဲ့ စတင်တွေ့ရှိခဲ့တာ ဖြစ်တယ်လို့ ရဲချုပ်ကြီးက သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့ပါတယ်။ ဒီစကားအရ အဲဒီအမျိုးသမီးဟာ မြဝတီမှာ အမြဲနေထိုင်သူမဟုတ်ဘူးလို့ ယူဆနိုင်ပါတယ်။ မစ္စတာယက်တောကို ဖက်ထားတဲ့ဓါတ်ပုံကို ဒုတိယအကြိမ် မဲဆောက်ကို လာရောက်စဉ် ရိုက်ကူးခဲ့တာလို့ ဆိုပါတယ်။ ဒီအမျိုးသမီးဟာ မစ္စတာယက်တောနဲ့ မဲဆောက်မှာတွေ့ပြီး မြဝတီကို ပြန်သွားတော့လည်း ယက်တောနဲ့ ဖုန်းအဆက်အသွယ် အမြဲမပြတ်ရှိခဲ့တယ်လို့ ဆိုထားပါတယ်။ အမေရိကန်တဦးနဲ့ ပြောဆိုဆက်ဆံနိုင်တယ်ဆိုတော့ အင်္ဂလိပ်ဘာသာစကားကိုလည်း ပြောတတ်ဆိုတတ်သူတဦး ဖြစ်နိုင်ပါတယ်။

မစ္စတာယက်တောက ရန်ကုန်ရောက်ရင် ကျောက်တံတားမြို့နယ် (၃၃)လမ်းက **Beauty Land Hotel-2** မှာ တည်းခိုမှာဖြစ်ကြောင်းနဲ့ လေဆိပ်ကိုလာကြိုဖို့ ပြောဆိုကြောင်း၊ ယက်တောဟာ ၂၀၀၈ နိုဝင်ဘာ(၁၀)ရက်နေ့မှာ ရန်ကုန်ကို ရောက်ရှိလာပြီး အဲဒီဟိုတယ်ရဲ့ **Diamond** အခန်းမှာ တည်းခိုခဲ့ကြောင်း၊ အဲဒီနေ့မှာဘဲ ဆာကူရာ ကွန်ဒိုအိမ်ယာက အသက်(၅၀)အရွယ် နိုင်ငံခြားသားတဦးနဲ့သွားတွေ့ပြီး အထုတ်တထုတ်ပေးခဲ့ကြောင်း၊ နောက် ပြည်လမ်း (၈)မိုင်အနီးက **Momon** ခရစ်ယာန် ဘုရားရှစ်ခိုးကျောင်းကို သွားရောက်ခဲ့ကြောင်း၊ အဲဒီနေ့ ညနေပိုင်းမှာ သူတို့(၂)ဦး ရွှေတိဂုံဘုရားကနေ ဟော်တယ်ကို လမ်းလျှောက်ပြန်လာချိန်မှာ မစ္စတာယက်တောက ဒေါ်အောင်ဆန်းစုကြည်ကို သွားတွေ့မယ်လို့ ပြောဆိုခဲ့ကြောင်း၊ သူမက မသွားဖို့နဲ့ သွားရင်အဖမ်းခံရလိမ့်မယ်လို့ ပြောဆိုခဲ့ကြောင်း၊ နိုဝင်ဘာ(၁၁)ရက်နေ့မှာ သူတို့(၂)ဦး ထိုင်းသံရုံးကို သွားရောက်ခဲ့ပြီးနောက် မစ္စတာယက်တောတဦးတည်း အမေရိကန်သံရုံးကို ဆက်လက်သွားရောက်ခဲ့တယ်လို့ ရဲချုပ်ကြီးက ရှင်းပြခဲ့ပြီး မစ္စတာယက်တောနဲ့ အဲဒီအမျိုးသမီးရဲ့ ဆက်စပ်မှုတွေနဲ့ နောက်ခံဖြစ်ရပ်တွေကို ဆက်လက်စီစစ် ဖော်ထုတ်နေဆဲ ဖြစ်ပါတယ်လို့ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောဆိုသွားခဲ့တာ တွေ့ရပါတယ်။

ရဲချုပ်ကြီးရဲ့ ပြောဆိုချက်တွေအရ အဲဒီအမျိုးသမီးနဲ့ မစ္စတာယက်တောတို့ဟာ ၂၀၀၈ ခုနှစ်အတွင်း ပထမအကြိမ် လာခဲ့တဲ့ ခရီးစဉ်မှာသာ တွေ့ဆုံဆက်ဆံခဲ့ကြတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဒီနှစ် ၂၀၀၉ မေလအတွင်း လာရောက်ခဲ့တဲ့ မစ္စတာယက်တောရဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်မှာတော့ ဒီအမျိုးသမီးနဲ့ မစ္စတာယက်တောတို့ရဲ့ တွေ့ဆုံဆက်ဆံမှုတွေကို လုံးဝ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ မစ္စတာယက်တော မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ချိန်မှာ ဒီအမျိုးသမီးကို မဆက်သွယ်ခဲ့တာကြောင့် ဒီအမျိုးသမီးရဲ့အခန်းကဏ္ဍကို ရဲချုပ်ကြီးက ထုတ်ဖော်မပြောနိုင်ခဲ့တာ ဖြစ်နိုင်ကောင်းဖြစ်နိုင်ပါတယ်။

ရဲချုပ်ကြီးက မစ္စတာယက်တောနဲ့ သူတို့ပူးပေါင်းဆောင်ရွက်ခဲ့တာမှန်ရင် မစ္စတာယက်တောက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်အတွင်းမှာ ရှိနေစဉ်ကတည်းက လက်ပူးလက်ကျတ် ဝင်ဖမ်းလိုက်မှာပေါ့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်နဲ့ ကိုက် (၃၀၀၀) လောက်ဝေးတဲ့အထိ အင်းယားရေပြင်ကို ဖြတ်ကူးနေတဲ့အချိန်ရောက်အောင်စောင့်ပြီး ဘာဖြစ်လို့ ဖမ်းဆီးပါ့ မလဲ၊ ဆိုတဲ့သဘောမျိုး ဆင်ခြင်ပေးခဲ့တာ တွေ့ရပါတယ်။

ဒီနေရာမှာ စဉ်းစားစရာတွေ အများကြီး ပေါ်ထွက်လာပါတယ်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ(၃၀)ရက်နေ့ည သန်းခေါင်ကျော် (၁၂)နာရီခွဲလောက်မှာ မစ္စတာယက်တော ပထမအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို ဝင်ရောက်ဖို့ ကြိုးစားခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်နဲ့အတူနေထိုင်တဲ့ ဒေါ်ခင်ခင်ဝင်းတို့သားအမိက တံခါးဖွင့်မပေးတဲ့အတွက် နေအိမ်အတွင်းကို မဝင်ရောက်နိုင်ဘဲ ပြန်လှည့်သွားခဲ့ရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်း က ၂၀၀၈ခုနှစ် ဒီဇင်ဘာ(၄)ရက်နေ့မှာ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ကို သတင်းပို့ခဲ့ပါတယ်။ အဲဒီအချိန်မှာ နအဖက မစ္စတာယက်တောကို အနီးကပ်စောင့်ကြည့်နေပြီး ဝင်ဖမ်းခဲ့မယ်ဆိုရင်တောင် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လို ဥပဒေ၊ ဘယ်လို စည်းကမ်းတွေနဲ့မှ ညီမနေတဲ့အတွက် ရုံးတင်တရားစွဲလို့မရနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် ပထမအကြိမ် မစ္စတာယက်တောဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ လာရောက်စဉ် နအဖက မဖမ်းသေးဘဲ တမင်လွှတ်ပေးလိုက်လေသလားလို့ တွေးမိပါတယ်။

မစ္စတာယက်တော ဒုတိယအကြိမ် ရန်ကုန်ကို ရောက်ရှိလာချိန်မှာ အဲဒီအမျိုးသမီးကို အဆက်အသွယ်မလုပ်တော့ပဲ တကိုယ်တော် လှုပ်ရှားခဲ့တာကြောင့် မစ္စတာယက်တောက ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲကို (၂)ရက်ကြာ ဝင်ရောက်နေထိုင်ခဲ့တာကို နအဖက အချိန်မှီမသိခဲ့တာ ဖြစ်နိုင်တယ်လို့လည်း စဉ်းစားမိပါတယ်။ ရဲချုပ်ကြီးပြောခဲ့သလို မစ္စတာယက်တောက ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ထဲမှာ ရှိနေမှန်းသိရင် အိမ်ထဲဝင်ဖမ်းလိုက်တာက သူတို့အတွက် ပိုအကျိုးရှိမှာမို့ နေအိမ်နဲ့ ဂိုက် (၃၀၀၀)လောက် အကွာရောက်မှ လိုက်ဖမ်းဖို့လိုအပ်မှာ မဟုတ်ပါဘူး။

ဒီယူဆချက်သာ မှန်ကန်မယ်ဆိုရင် ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်း မစ္စတာယက်တောနဲ့ မဲဆောက်မြို့မှာ တွေ့ဆုံပြီး ရန်ကုန်မြို့က **Beauty Land Hotel-2** မှာ အတူနေတဲ့အထိ ရင်းနှီးခဲ့တဲ့ အမည်မဖော်လိုသူ အမျိုးသမီးကိုလည်း သံသယဖြစ်ဖွယ်ရှိသူတဦးအနေနဲ့ ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ လိုအပ်လာပါတယ်။ အဲဒီ အမျိုးသမီးက မစ္စတာယက်တောကို မယ်တော်ဆေးရုံကနေ ဦးဆောင်ခေါ်လာပြီး **AAPP-B** ရုံးမှာ မစ္စတာယက်တောကို အားရပါးရဖက်ရင်း ဓါတ်ပုံအရိုက်ခံခဲ့တာဟာ ရည်ရွယ်ချက်ရှိရှိ တမင်လုပ်ခဲ့တာလားလို့ စဉ်းစားစရာ ဖြစ်လာပါတယ်။

မစ္စတာယက်တောက ဒေါ်အောင်ဆန်းစုကြည်ကို သွားတွေ့မယ်လို့ ပြောခဲ့တုန်းက အဲဒီအမျိုးသမီးက သတိပေးတားမြစ်ခဲ့သေးတယ်လို့ အဲဒီအမျိုးသမီးကိုယ်စား ရဲချုပ်ကြီးက သတင်းထောက်တွေကို ရှင်းပြခဲ့ပါတယ်။ အဲဒီ အမျိုးသမီးက ဘာကြောင့် သက်ဆိုင်ရာကို အချိန်မီသတင်းမပို့ဘဲ ဖုံးကွယ်ထားခဲ့ရသလဲ၊ ဒီလို သတင်းမပို့တဲ့အတွက် အဲဒီ အမျိုးသမီးကိုရော အရေးမယူဘူးလား၊ စတဲ့မေးခွန်းတွေကို သတင်းထောက်တွေကလည်း ရဲချုပ်ကြီးကို ပြန်မေးသင့်ပါတယ်။

မဲဆောက်မြို့ မယ်တော်အရပ်မှာ ဖွင့်လှစ်ထားတဲ့ ဒေါက်တာစင်သီယာမောင်ရဲ့ဆေးရုံဟာ မြန်မာပြည်က ခရိုင်အဆင့်၊ တိုင်းအဆင့် ဆေးရုံကြီးတွေထက် နေ့စဉ် လူနာအဝင်အထွက် များပြားတဲ့နေရာတခု ဖြစ်ပါတယ်။ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ မြန်မာအလုပ်သမားတွေသာမက မြန်မာပြည်အရပ်ရပ်ကလာရောက်ပြီး ဆေးကုသသူတွေ၊ လူနာစောင့်တဲ့သူတွေနဲ့ နေ့စဉ် စည်ကားနေတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အမေရိကန်သမ္မတကတော် လော်ရာဘုရှ်နဲ့ သူ့သမီးတို့လည်း လာရောက်လည်ပတ်ခဲ့ဖူးတဲ့အပြင် နိုင်ငံတကာက ထင်ရှားတဲ့ နိုင်ငံရေးသမားတွေ၊ လွှတ်တော်အမတ်တွေ၊ သံအမတ်ကြီးတွေနဲ့ ထိုင်းအာဏာပိုင်တွေပါ မကြာခဏ လာရောက်တတ်တဲ့နေရာလည်း ဖြစ်ပါတယ်။

နအဖတပ်က ထွက်ပြေးလာတဲ့ စစ်ပြေးတွေ၊ ပေါ်တာပြေးတွေလည်း ဒီဆေးရုံကို အရင်ဆုံးရောက်လာပြီးမှ သူတို့သွားလိုရာကို ဆက်သွယ်သွားရောက်လေ့ ရှိသလို၊ ထိုင်းနိုင်ငံနဲ့ အတိုက်အခံအဖွဲ့အစည်းတွေကို စိမ့်ဝင်ထိုးဖေါက် ထောက်လှမ်းဖို့ ဝင်ရောက်လာတဲ့ စစ်အစိုးရရဲ့ သူလျှိုဒလံတွေကလည်း ဒီဆေးရုံကတဆင့် ထိုးဖေါက်ဝင်ရောက်ဖို့ ကြိုးစားခဲ့တဲ့သာဓကတွေ အများအပြား ရှိခဲ့ဘူးပါတယ်။ ရဲသတင်းတပ်ဖွဲ့ **(SB)** က စေလွှတ်ခဲ့တဲ့ အမျိုးသမီးအရာရှိတဦးကို ဆေးရုံ လုံခြုံရေးတာဝန်ရှိသူတွေက စစ်ဆေးတွေ့ရှိရတာကြောင့် တောင်းပန်ပြီး ပြန်လွှတ်ခဲ့တာတောင် နောက်တကြိမ်ထပ်ပြီး ရောက်လာတဲ့အတွက် ထိုင်းအာဏာပိုင်တွေလက်ထဲကို အပ်လိုက်ရမလားလို့ ခြိမ်းခြောက်သတိပေးပြီး နှင်လွှတ်ခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ တချို့ဆိုရင် လက်နက်တွေနဲ့အတူ ဖမ်းဆီးရမိတာတွေတောင် ရှိခဲ့ကြောင်း စုံစမ်းသိရှိရပါတယ်။

အလားတူ မြန်မာနိုင်ငံအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ **(AAPP-B)** ရုံး ဆိုရင်လည်း စစ်အာဏာရှင်တွေရဲ့ နရသိမ်အကျဉ်းထောင်တွေအတွင်း နိုင်ငံရေးအကျဉ်းသားတွေ ရက်ရက်စက်စက် ဖိနှိပ်အနိုင်ကျင့်ခံနေရပုံတွေကို ပြခန်းတွေ ဖွင့်လှစ်ပြသထားတာကြောင့် မြန်မာနိုင်ငံသားတွေရော၊ ထိုင်းနိုင်ငံသားတွေရော၊ နိုင်ငံခြားသားတွေပါ နေ့စဉ် ဝင်ထွက်ကြည့်ရှုနေတဲ့ နေရာတခုဖြစ်ပါတယ်။ ပြခန်းတွေကို လာရောက်ကြည့်ရှုသူတွေအတွက် ဧည့်မှတ်ပုံတင်စာအုပ် ချပေးထားပေမဲ့ မစ္စတာယက်တောနဲ့ အဲဒီအမျိုးသမီးကတော့ တခါမှ လက်မှတ်ထိုးသွားတာ မတွေ့ရဘူးလို့ တာဝန်ရှိသူတဦးက ပြောဆိုခဲ့ပါတယ်။

မစ္စတာယက်တောနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံကြည့်ဖူးသူမှန်သမျှ သူ့ရဲ့ စိတ်နေစိတ်ထား ပုံမှန်မဟုတ်တာကို တနည်းမဟုတ် တနည်းနည်းနဲ့ ရိပ်မိ သိရှိနိုင်ပါလိမ့်မယ်။ ငွေရဖို့အတွက် လူအများစိတ်ဝင်စားမဲ့ စာအုပ်တအုပ်ရေးဖို့ ပြင်ဆင်နေတဲ့ ဒီလိုပုဂ္ဂိုလ်မျိုးကို ကမ္ဘာကျော်ပုဂ္ဂိုလ်တဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်အကြောင်း မသိမသာ "စ" ပေး၊ "ဟ" ပေး၊ လိုက်မယ်ဆိုရင် အလွယ်တကူ ထောင်ချောက်ထဲကို **Unconsciously** တန်းဝင်သွားနိုင်တယ်လို့ ယူဆမိပါတယ်။ မစ္စတာယက်တောဟာ လွန်ခဲ့တဲ့နှစ်ကမှ အာရှဒေသကို အလည်အပတ်ခရီးထွက်ရင်း ဒေါ်အောင်ဆန်းစုကြည်အကြောင်း ကြားသိခဲ့ရပြီး အလွန်လေးစား ကြည်ညိုသွားခဲ့တာဖြစ်ကြောင်း သူ့မိန်းမကလည်း ထုတ်ဖော်ပြောဆိုခဲ့တာ တွေ့နိုင်ပါတယ်။

မစ္စတာယက်တော ချင်းမိုင်ရောက်ရင် တည်းခိုနေထိုင်လေ့ရှိတဲ့ မြန်မာခရီးသွားလုပ်ငန်းတခုကလည်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသရှိ နအဖစစ်အစိုးရရဲ့ သူလျှိုဒလံလုပ်ငန်းတွေနဲ့ မူးယစ်ဆေးဝါးလုပ်ငန်းတွေမှာ ဆက်နွယ်ပတ်သက်နေတယ်လို့ သံသယရှိတာကြောင့် ထိုင်းလုံခြုံရေးအာဏာပိုင်တွေက အမြဲစောင့်ကြည့်နေတဲ့ နေရာတခုဖြစ်ကြောင်း ကြားသိရပါတယ်။

အလုပ်ကြမ်းနဲ့ ထောင်ဒဏ်(၃)နှစ် ဒါမှမဟုတ် နိုင်ငံတော်အကြီးအကဲဆိုသူရဲ့ မဟာဂရုဏာတော်ကြောင့် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်(၁)နှစ်ခွဲ၊ ဒါမှမဟုတ် ဆိုင်းငံ့ထောင်ဒဏ်အဖြစ်နဲ့ နေအိမ်ချုပ်၊ ဘယ်လိုပုံစံမျိုးပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ဟာ ရာဇဝတ်ပြစ်မှုတခုကိုကျူးလွန်ခဲ့ပြီး ထောင်ကျခဲ့တယ်ဆိုတဲ့အချက်နဲ့ ရွေးကောက်ပွဲတွေမှာ သူမအနေနဲ့ ပါဝင်ရွေးချယ်ခံပိုင်ခွင့်မရရှိရေးဟာ နအဖဗိုလ်ချုပ်ကြီးတွေရဲ့ အဓိကရည်မှန်းချက် ဖြစ်ပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူမရဲ့အမှုကို အထက်တရားရုံးတခုခုမှာ အယူခံဝင်မယ်ဆိုရင် နအဖကတစုံတရာ ဖုံးကွယ်ထားချင်ပုံရတဲ့ ဒေါက်တာတင်မျိုးဝင်းနဲ့ မစ္စတာယက်တောရဲ့ အမျိုးသမီးမိတ်ဆွေအပြင် မစ္စတာယက်တောကိုပါ တရားရုံးမှာ သက်သေအဖြစ်နဲ့ ခေါ်ပေးဖို့ တောင်းဆိုသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Monday, August 17, 2009***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့် သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***